"Fit Brains Gain More"

BRAINWORKS

INTERNATIONAL SCHOOL

# Artificial Intelligent (AI) Policy Framework

## AI အသုံးပြုရခြင်း၏အဓိကအချက်အလက်များ

AI သည် K-12 ပညာရေးစနစ်တွင် စမ်းသပ်မှုအဆင့်မှ ကျော်လွန်အောင်မြင်ခဲ့ပြီး ဖြစ်ပါသည်။ နောက်လာမည့်သုံးနှစ်အတွင်း AI ကိုကျွမ်းကျင်စွာ အသုံးပြုနိုင်မှုသည် ဘွဲ့ရရှိရေးအတွက် အရေးပါသော ကျွမ်းကျင်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။ ကျောင်းစာသင်ခန်းများတွင် ဆရာများသည် AIကျွမ်းကျင်မှုများကို သင်ကြားရေးတွင်အသုံးပြုမည်ဖြစ်ပြီး ကျောင်းသား/သူများ၏ သင်ကြားရေးဆိုင်ရာအချက်အလက်များ၊ မှတ်တမ်းများကို စနစ်တကျပြုစုနိုင်မည်။ ယခု ၂၀၂၆ ခုနှစ်မှစတင်၍ AI နှင့်အတူ သင်ကြားရေးအတွက် အဓိကကျသော မူဝါဒများကို ချမှတ်ထားနိုင်မှသာလျှင် သင်ကြားရေးကဏ္ဍကို ဦးဆောင်နိုင်မည်ဖြစ်ပါသည်။

AI Policy Framework သည် သုံးနှစ်တာကာလအတွင်း အဆင့်ဆင့်လုပ်ဆောင်မှုအစီအစဉ်တစ်ခုနှင့် ကျွန်ုပ်တို့၏ကျောင်းကို လူသားဗဟိုပြု AI-enabled သင်ယူမှုတွင် ပထမဦးဆုံးကျောင်းအဖြစ် ဦးဆောင်သူအဖြစ်ရပ်တည်နိုင်ရန် အကြံပြုချက်များကိုဖော်ပြထားသည်။ အုပ်ထိန်းသူနှင့်မိဘများသည် AIကို ကောင်းစွာအသုံးပြုနိုင်ပါက ကလေးများအား မိမိတို့၏အချိန်များကို ပိုမိုပေးနိုင်၍ ဂရုစိုက်တတ်သောသူဖြစ်လာနိုင်ပါသည်။ ထို့အပြင် လူသားများသာလုပ်နိုင်သည့်အရာများဖြစ်သော အများနှင့်ပေါင်းသင်းဆက်ဆံရေးများတည်ဆောက်ခြင်း၊ လမ်းညွှန်မှုပေးခြင်း၊ အကျင့်ကောင်းများလေ့ကျင့်ပေးခြင်း စသည်တို့ကို ပိုမိုလုပ်ဆောင်နိုင်ရန် အချိန်များရရှိနိုင်မည်ဖြစ်သည်။

**Four Commitments anchor the strategy:**

၁။ လူသား(မိမိကိုယ်တိုင်) မှအစပြုပြီး AI အား တွင်းကျယ်စွာ အသုံးပြုတတ်ရန်။

၂။ ဘွဲ့ရရှိပြီးသူတိုင်း AIကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုတတ်ရန်။

၃။ ဆရာ၊ ဆရာမများသည် ကျောင်းအတွင်း၌ AI အကျွမ်းကျင်ဆုံးသူများဖြစ်စေရန်။

၄။ ဘေးကင်းလုံခြုံရေး၊ တန်းတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် အရေးကြီးဆုံးဖြစ်စေရန်။

**Immediate budged and capacity asks:**

၁။ AI စတင်၍ဦးဆောင်အသုံးပြုအချိန်အား ထုတ်ပြန်ခြင်း။

၂။ ပထမနှစ်တွင် ဆရာတစ်ဦးလျှင် နာရီ ၂၀ ကျော် AI အား ဝယ်ယူ၍ လေ့လာသင်ယူစေခြင်း၊

၃။ တက်ကြွစွာသင်ယူမှုအတွက် သင့်တော်သောအသိအမှတ်ပြုမှု၊ ကျောင်းသား/သူများသင်ကြားပေးမှုနှင့် အတန်းတွင်းပါဝင်ဆောင်ရွက်မှုများ လုပ်ဆောင်စေခြင်း၊

၄။ EDSAFE SAFE မူဘောင် (သို့မဟုတ်) OECD/EC စာတတ်မြောက်ရေးမူဘောင်နှင့် ကိုက်ညီသော တရားဝင် AI လက်ခံနိုင်သောအသုံးပြုမှုမူဝါဒများအား ချမှတ်ခြင်း။

### ၁။ The Landscape, 2026-2029

K-12 ကျောင်းများတွက် AI သည် စမ်းသပ်သင်ကြားမှုအဆင့်ကို ကျော်လွန်ခဲ့ပါပြီ။ ၂၀၂၆ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စုရှိ အနည်းဆုံး ပြည်နယ် (၃၂) ခုနှင့် ထပ်မံပါဝင်တိုးတက်လာသော နိုင်ငံများဖြစ်သည့် စင်ကာပူ၊ ယူကေ၊ ယူအေအီး၊ အိန္ဒိယ နိုင်ငံတို့သည် OECD/EC မှချမှတ်ထားသော မူဝါဒများမှတစ်ဆင့် EU ၏ အစိတ်အပိုင်းများသည်

K-12 AI လမ်းညွှန်ချက်များကို တရားဝင်ထုတ်ပြန်ခဲ့ပါသည်။ ဥပဒေပြုအစည်းအဝေးတွင် အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ် (၃၁) ခုတွင် AI-ပညာရေးဆိုင်ရာ ဥပဒေကြမ်း (၁၃၄) ခုကို တင်သွင်းခဲ့သည်။ AI ကို အပတ်စဉ်အသုံးပြုသော ဆရာ၊ ဆရာမများက တစ်ပတ်လျှင် ၅ နာရီ မှ ၇ နာရီအတွင်း AI အသုံးပြုခဲ့ကြ ကြောင်းနှင့် ၆၄% သည် AI ကို ကိုယ်တိုင်သင်ယူမှုတွင် ၎င်းတို့အသုံးပြုသော သင်ထောက်ကူပစ္စည်းများ၏ အရည်အသွေးကိုမြှင့်တင်ပေးခဲ့သည်ဟု ဆိုကြသည်။ အောက်ဖော်ပြပါအဆင့် (၄)ဆင့်ကိုလည်း သေချာစွာလိုက်နာသင့်သည်ဟု အဆိုပြုခဲ့ကြပါသည်-

- ဘွဲ့ရရှိပြီးသူတိုင်းသည် AIကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုတတ်ရန်: OECD/EC မှ ချမှတ်ထားသောမူဝါဒအရ AI ခေတ်အတွက် သင်ယူသူများကို စွမ်းရည်မြှင့်တင်ပေးခြင်း" သည် ကမ္ဘာလုံးဆိုင်ရာ ကိုးကားချက်ဖြစ်လာပြီး အမျိုးသားသင်ရိုးညွှန်းတမ်းများ၊ တက္ကသိုလ်ဝင်ခွင့်များနှင့် နိုင်ငံတကာအကဲဖြတ်ချက်များတွင် ပါဝင်လာမည်ဖြစ်သည်။

- ဆရာ၊ ဆရာမများကို အစားထိုးခြင်းမဟုတ်ဘဲ AI သည် ဆရာ/မများအားလုံးနှင့်အတူတကွ သင်ကြားသင်ယူမှု လုပ်ငန်းစဉ်ကို လုပ်ဆောင်မည်။ Khanmigo၊ MagicSchool နှင့် LMS-native ကဲ့သို့သော AI tools များသည် လေ့ကျင့်မှု၊ တုံ့ပြန်ချက်နှင့် ပထမအဆင့် အကဲဖြတ်ခြင်းတို့ကို ကျယ်ကျယ်ပြန့်ပြန့် ကိုင်တွယ်ဆောင်ရွက်နိုင်ပါမည်။

- ပညာရေးဆိုင်ရာရိုးသားဖြောင့်မတ်မှု၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အသစ်အရ: လေ့လာစောင့်ကြည့်မှု အခြေပြုမူဝါဒများသည် မှေးမှိန်လာနေပြီး လုပ်ငန်းစဉ်ကိုအခြေခံသည့် နှုတ်ဖြင့်ကာကွယ်မှုများ၊ အတန်းတွင်းရေးဖြေစစ်ဆေးခြင်းများ၊ အသုံးပြုမှုမှတ်တမ်းနှင့် မည်သည့်နေရာမှ Sources များအား ယူထားသည်ကို ရည်ညွှန်းသည့်လုပ်ငန်းစဉ်များ စသည်စံနှုန်းများပေါ်ပေါက်လာပါသည်။

- ဒေတာ ဘေးကင်းရေးနှင့် တရားမျှတမှုအတွက် မိဘများအပေါ်တာဝန်ခံမှု: မိဘများသည် မည်သည့်အမျိုးအစားများကိုအသုံးပြုသည်၊ ဒေတာများမည်သည့်နေရာသို့ ရောက်ရှိသည်၊ ကလေးများကို မည်သို့ကာကွယ်သည်ကို မေးမြန်းကြလိမ့်မည်။ ရှင်းလင်းသောမူဝါဒမရှိသော ကျောင်းများသည် မိဘများ၏ယုံကြည်မှုအား ပျက်ပြားနိုင်ခြေရှိသည်။

**၂။ Vision**

တိုတောင်းပြီး ရေရှည်တည်တံ့သော ကျွန်ုပ်တို့၏အမြင်တစ်ခုသည် စာမျက်နှာ (၄၀) ပါ မူဝါဒများထက် တန်ဖိုးရှိသည်။ ကျွန်ုပ်တို့၏ရည်မှန်းချက်ကို အောက်ပါကတိကဝတ်လေးခုပေါ်တွင် အခြေခံထားသည်-

**လူသား(မိမိကိုယ်တိုင်) မှအစပြုပြီး AI အား တွင်းကျယ်စွာ အသုံးပြုတတ်ရမည်။**

ကျွန်ုပ်တို့ကျောင်းတွင် AI ကိုအသုံးပြုခြင်းဖြင့် ဆရာ/မများသည် ကျောင်းသား/သူများအား အချိန်ပိုမိုပေးနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ဆရာ/မများသည် ကျောင်းသား/သူများနှင့် ပြောဆိုဆက်သွယ်ရေးများတည်ဆောက်ခြင်း၊ လမ်းညွှန်မှုပေးခြင်းနှင့် အကျင့်ကောင်းများလေ့ကျင့်ပေးခြင်း စသည်တို့ကို ပိုမိုလုပ်ဆောင်နိုင်ရန် အချိန်များရရှိနိုင်မည်ဖြစ်သည်။

**ဘွဲ့ရရှိပြီးသူတိုင်း AIကို ကျွမ်းကျင်ပိုင်နိုင်စွာအသုံးပြုတတ်ရမည်။**

ကျောင်းသားများသည် ကျွန်ုပ်တို့ကျောင်းမှ ကျောင်းပြီးသည့်အချိန်တွင် ၎င်းတို့သည် -

(က) AI ကိရိယာများကို ကျွမ်းကျင်စွာအသုံးပြုနိုင်ခြင်း၊

(ခ) AI ရလဒ်များကို ဝေဖန်ပိုင်းခြားသုံးသပ်ခြင်း၊

(ဂ) AI စနစ်များ၏ အဆင့်ဆင့်လုပ်ဆောင်ပုံနှင့် အယူအဆများကို နားလည်ခြင်းနှင့်

(ဃ) AI ကို အသုံးမပြုသင့်သည့်အချိန်နှင့်ပတ်သက်၍ ကျင့်ဝတ်ဆိုင်ရာဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ ပြုလုပ်နိုင်ရမည်ဖြစ်သည်။

**ဆရာ၊ ဆရာမများသည် ကျောင်းအတွင်း၌ AI အကျွမ်းကျင်ဆုံးသူများဖြစ်လာရမည်။**

AI ကျွမ်းကျင်မှုသည် နည်းပညာဆိုင်ရာ မေးခွန်းတစ်ခုကဲ့သို့ပင် ဝန်ထမ်းခန့်အပ်မှု၊ လေ့ကျင့်ရေးနှင့် ကျင့်ဝတ်နှင့် ဂုဏ်သိက္ခာ ဆိုင်ရာ မေးခွန်းတစ်ခုဖြစ်ပါသည်။

**ဘေးကင်းလုံခြုံရေး၊ တန်းတူညီမျှမှုနှင့် ပွင့်လင်းမြင်သာမှုတို့သည် အရေးကြီးဆုံးဖြစ်သည်။**

ဒေတာအသုံးပြုမှုဆိုင်ရာသော်လည်းကောင်း၊ ဘက်လိုက်မှုမရှိစေရန်သော်လည်းကောင်း၊ သင့်လျော်သော အသုံးပြုမှုဆိုင်ရာနှင့် ရှင်းလင်းသောမူဝါဒများကို ထုတ်ပြန်ထားပြီး၊ မိဘများနှင့် လိုက်လျောညီထွေဖြစ်အောင် ပြုလုပ်ထားပြီးဖြစ်၍ နှစ်စဉ် ပြန်လည်သုံးသပ်ပါသည်။

**၃။ Three-Year Action Plan**

အောက်ဖော်ပြပါ အစီအစဉ်သည် အဆင့်လိုက်ဖော်ပြထားသောကြောင့် အဆင့်တစ်ဆင့်စီသည် ရည်မှန်းချက်ကိုရောက်ရန် ပေါင်းစပ်ထားသည့် အခြေခံအုတ်မြစ်အဆင့် ဦးစွာတည်ဆောက်ပြီးနောက် စွမ်းရည်၊ ထို့နောက် ပေါင်းစည်းမှု၊ ခေါင်းဆောင်မှု အဆင့်တစ်ခုစီတွင် မူလအသုံးပြုသူနှင့် အဓိကစွမ်းဆောင်ရည်ရည်ညွှန်းကိန်းများ (KPI)ပါရှိပါသည်။

| အဆင့် | အပြင်အဆင် | အဓိကလုပ်ဆောင်ချက်များ | မူလအသုံးပြုသူ/KPI |
|---|---|---|---|
| ၀-၆ | အခြေခံအုတ်မြစ် အဆင့် | • ဝန်ထမ်းများ၊ ကျောင်းသားများနှင့် မိဘများ အတွက် AI လက်ခံနိုင်သော အသုံးပြုမှုမူဝါဒကို ရေးဆွဲပြီး ထုတ်ဝေပါ။<br>• မူဝါဒကို EDSAFE SAFE မူဘောင် သို့မဟုတ် OECD/EC စာတတ်မြောက်ရေးမူဘောင်နှင့် ကိုက်ညီအောင် ချိန်ညှိပါ။<br>• AI စာရင်းစစ်ဆေးမှုတစ်ခု ပြုလုပ်ပါက- တရားဝင် မဟုတ်သော အသုံးပြုသည့် AI Tools၊ ဒေတာစီးဆင်းမှုနှင့် ရောင်းချသူ ဒေတာလုပ်ဆောင်မှု သဘောတူညီချက်များ။<br>• AI Lead (၁၀-၂၀% စတင်အသုံးပြုနိုင်ရန်အချိန်) နှင့် မိဘတစ်ဦးပါဝင်သော လုပ်ငန်းဆောင်တာများဆိုင်ရာ ကော်မတီတစ်ခုကိုခန့်အပ်ပါ။<br>• အခြေခံစစ်တမ်း- ဆရာနှင့်ကျောင်းသား AI အသုံးပြုမှု၊ ယုံကြည်မှုနှင့် စိုးရိမ်မှုများ။ | ကျောင်းအုပ်ကြီး<br>AI Leader<br>KIPမူဝါဒထုတ်ပြန်၊ စာရင်းစစ်ပြီးစီး<br>ကော်မတီကိုခန့်အပ် |

| | | | |
|---|---|---|---|
| ၆-၁၂ | စွမ်းရည် | • ဆရာ/မများ AIအတတ်ပညာသင်တန်း ပေးခြင်းကို ဦးစွာပြုလုပ်ပါ။ AI tools များကို ဒုတိယရင်းနှီးမြှုပ်နှံပါ။<br>• ပထမနှစ်တွင် ဆရာတစ်ဦးလျှင် ဝယ်ယူထားသော AI tools များကို နာရီ ၂၀ ကျော် ပေးအပ်ပြီး အနည်းဆုံး ထက်ဝက်ကို လက်တွေ့လုပ်ဆောင်ရမည်။<br>• AI Tool နှစ်ခု (သို့မဟုတ်) သုံးခုကိုကျယ်ပြန့် စွာစမ်းသပ်အသုံးပြုပါ- တက်ကြွစွာသင်ယူမှုအတွက် သင့်တော်သောအသိအမှတ်ပြုမှု၊ အတန်းတွင်း ဆရာနှင့် ကျောင်းသား/သူများ ပါဝင်ဆောင်ရွက်မှု၊<br>• မူကြို၊ အလယ်တန်းနှင့် အထက်တန်းတို့တွင် AI နှစ်ယူနစ်ကို မိတ်ဆက်ပေးပါ။<br>• အိမ်နှင့်ကျောင်းတွင် AI အသုံးပြုမှုအကြောင်း မိဘအလုပ်ရုံဆွေးနွေးပွဲများကို စတင်ပါ။ | AI Lead + Curriculum Leads<br><br>KPI: PD ပြီးဆုံးသော ဆရာရာခိုင်နှုန်း၊ စမ်းသပ်ရလဒ်အစီရင်ခံစာနှင့် မိဘတက်ရောက်မှု |
| ၁၂-၂၄ | ပေါင်းစည်းမှု | • သင်ကြားရေးတွင် တွင်ကျယ်စွာ အသုံးပြုခဲ့သော AI ဆိုင်ရာ အကဲဖြတ်ချက်များကို အတန်းတွင်းပြန်လည်ရေးသားခြင်း၊နှုတ်ဖြင့်ကာကွယ်ခြင်း၊ ကိုယ်ရေးအကျဉ်းရေးသားခြင်း၊ လုပ်ငန်းစဉ်များ။<br>• "AI ကိုးကားချက်" စံနှုန်းကို လက်ခံကျင့်သုံးပါ- ကျောင်းသားများသည် AI နှင့် လုပ်ဆောင်ခဲ့သည်များနှင့် မလုပ်ဆောင်ခဲ့သည်များကို ထုတ်ပြန်ပေးရန်။<br>• ရွေးချယ်ထားသော AI Tools များကို ဘာသာရပ်အလိုက် လမ်းညွှန်စာအုပ်များဖြင့် အတန်းအားလုံးတွင် ဖြန့်ချီပါ။<br>• လုပ်ငန်းလည်ပတ်မှုများတွင် AI ကိုထည့်သွင်းပါ- အချိန်ဇယားဆွဲခြင်း၊ မိဘနှင့်ဆက်သွယ်ရေးများ၊ IEP ရေးဆွဲခြင်း၊ ဘာသာပြန်ခြင်း၊ စသည်တို့တွင် အသုံးပြုနိုင်သည်။<br>• အလယ်အလတ်ကာလ အကဲဖြတ်ခြင်း- ဆရာ/မ အသုံးပြုချိန်ချွေတာနိုင်ခြင်း၊ ကျောင်းသား/သူများ၏ တိုးတက်မှုမှတ်တမ်း၊ မိဘများ၏ယုံကြည်မှု။ | ကျောင်းအုပ်ကြီး ဒုကျောင်းအုပ်များ ဌာနမှူးများ<br>KPI: ပြင်ဆင်ထားသော အကဲဖြတ်မှုဝါဒ၊ အသုံးပြုချိန်များ၊ တိုးတက်မှုဒေတာ ထုတ်ပြန်ခြင်း |

| | | | |
|---|---|---|---|
| ၂၄-၃၆ | ခေါင်းဆောင်မှု | • ရလဒ်များကို ပွင့်လင်းစွာ ထုတ်ပြန်ပါ- ဆရာ/မ ချွေတာနိုင်သောနာရီများအတွက် အချိန်ကုန်သက်သာစေခြင်း၊ ကျောင်းသား/သူများ၏တိုးတက်မှုမှတ်တမ်း များ၊ မိဘများ၏ ယုံကြည်မှုရမှတ်များ။<br>• ဒေသတွင်းအခြားအဆင့်တူကျောင်းများနှင့် ဆွေးနွေးပွဲတစ်ခုကို လက်ခံကျင်းပပါ။ အကောင်းဆုံး လုပ်ဆောင်မှုအတွက် နေရာကောင်းတစ်ခုဖြစ်လာစေရန်ဖြစ်ပါသည်။<br>• ကျောင်းသား/သူများ၏ ကိုယ်ရေးအကျဉ်းများ တွင် အထောက်အထားများဖြင့် AI-fluency ကို Certificate များဖြင့် မှတ်တမ်းတင်ထားခြင်း။<br>• နှစ်စဉ် AI မူဝါဒပြန်လည်သုံးသပ်ခြင်းအတွက် ကျောင်းသား/သူများဖြင့် ဖွဲ့စည်းထားသည့် AI ကောင်စီတစ်ခုကိုတည်ထောင်ပါ။<br>• Horizon scan ဖြင့် ပေါ်ထွက်လာသော စွမ်းရည် များ (multimodal agent များ၊ on-device မော်ဒယ်များ) အတွက်စီစဉ်ပါ။ | ကျောင်းဘုတ်အဖွဲ့<br>ကျောင်းအုပ်ချုပ်သူ<br>ကျောင်းအုပ်ကြီး<br>KPI: ထုတ်ဝေထားသော ရလဒ်များ၊ ဆွေးနွေးပွဲကို လက်ခံကျင်းပခြင်း၊ အစုစု အထောက်အထားနှုန်း |

**၄။ Focus Areas for Leaders, Students, and Parents**

**For School Leaders**

- မူဝါဒဆိုင်ရာကျွမ်းကျင်မှု- SAFE၊ OECD/EC နှင့် နိုင်ငံအတွင်းလမ်းညွှန်ချက်များကို ကျွမ်းကျင်စွာ သိရှိနားလည်ရမည်။
- ပြောင်းလဲမှုများကိုစီမံခန့်ခွဲခြင်း- ဆရာ/မများ၏အချိန်နှင့် ဂုဏ်သိက္ခာကို ကာကွယ်ရမည်။ AI Tools များ အလွန်အကျွံအသုံးပြုမှုကြောင့် ပင်ပန်းနွမ်းနယ်မှုကို ရှောင်ရှားရမည်။
- "မည်သည့် AI Tool ကို ဝယ်နိုင်သည်" ထက် "ကျွန်ုပ်တို့၏ ကျောင်းသား/သူများ ဘာလုပ်သင့်လဲ" ဆိုတာကနေစတင်ရမည်။
- မရှိမဖြစ်လိုအပ်သည့်အရာများကို ဘတ်ဂျက်ဆွဲပါ- စက်ပစ္စည်းများ၊ ချိတ်ဆက်မှု၊ ဒေတာထိန်းချုပ်မှု၊ အကြံဉာဏ်ပေးခြင်းတို့ကို လုပ်ဆောင်ပါ။

**For Students**

- ရေရှည်တည်တံ့သော ကျွမ်းကျင်မှုများ- ရှင်းလင်းပြတ်သားစွာရေးသားခြင်းနှင့် စကားပြောခြင်း၊ စနစ်တကျ ကျိုးကြောင်းဆင်ခြင်ခြင်း၊ ပူးပေါင်းဆောင်ရွက်မှု၊ စူးစမ်းလိုစိတ်၊ ဉာဏ်ရည်ထက်မြက်မှု၊ စရိုက်လက္ခဏာများ တိုးတတ်စေရန်။

- လျင်မြန်သောလက်မှုပညာ၊ ရင်းမြစ်အကဲဖြတ်ခြင်းနှင့် ကျင့်ဝတ်ဆိုင်ရာအသုံးပြုမှု - AI ကို မည်သည့်အချိန်တွင် အသုံးပြု၍ လေ့လာရမည်သိရှိရန်နှင့် မည်သည့်အချိန်တွင် အသုံးမပြုရမည်ကို သိရှိရန်။

- ကုဒ်ရေးခြင်းနှင့် စနစ်ကျစွာတွေးခေါ်ခြင်းတွင် သဘောတရားရေးရာ ကျွမ်းကျင်မှု၊ multimodal tools များကို တီထွင်ဖန်တီးနိုင်စွာ အသုံးပြုခြင်း။

- နိုင်ငံတွင်းတက္ကသိုလ်များနှင့် လုပ်ငန်းခွင်များအတွက် ယှဉ်ပြိုင်နိုင်စွမ်းအားသာချက်တစ်ခုမှာ AI Tools များအား ဘာသာစကား နှစ်မျိုးလုံး (အင်္ဂလိပ်/မြန်မာ)ဘာသာတို့ဖြင့် ကျွမ်းကျင်စွာအသုံးပြုနိုင်ခြင်း။

**For Parents**

- စောင့်ကြည့်ခြင်းမှ ပံ့ပိုးပေးခြင်းသို့ တဖြည်းဖြည်းကူးပြောင်းပါ- AI အား အိမ်စာလုပ်ခိုင်းခြင်းနှင့် AI က ကျောင်းသား/သူများနားလည်ရန် ကူညီပေးခြင်း နှစ်မျိုးကြားကွာခြားချက်ကိုနားလည်ပါ။

- ကျောင်းမှကျင်းပသော ကျောင်းတွင်း AI အချက်အလက်များဆိုင်ရာ ဆွေးနွေးပွဲများကို တက်ရောက်ပါ။ အိမ်ထောင်စု စံနှုန်းများကို ပူးတွဲဖန်တီးပါ။

- ကျောင်း၏ AI မူဝါဒနှင့် ကျောင်းသားဒေတာကို မည်သို့ကာကွယ်ထားသည်ကို သိရှိပါ။

## ၅။ Recommended AI Tools

### ဆရာမများ၏ သင်ကြားနိုင်စွမ်းနှင့် သင်ခန်းစာပုံစံ

- ဘာသာစကားသင်ကြားမှုများအတွက် LLMs – Claude, Chat GPT, Gemini, Deepseek, စသည့် Program များကို အသုံးပြုခြင်း။

- MagicSchool AI နှင့် Brisk Teaching - ၂၀၂၆ ခုနှစ်တွင် အကျယ်ပြန့်ဆုံး အသုံးပြုခဲ့သော ဆရာအတတ်ပညာဆိုင်ရာပရိုဂရမ်နှစ်ခုဖြစ်သည်။

- Eduaide နှင့် TeachBetter.ai - စသည်တို့ကို ရွေးချယ်အသုံးပြုနိုင်သည်။ TeachBetter.ai ကို K-12 ပညာရေးအတွက် ရည်ရွယ်ချက်ရှိရှိ တည်ဆောက်ထားသည်။

- Microsoft Copilot for Education နှင့် Google Gemini for Education စသည့် Program များကို သင်ကြားရေးကဏ္ဍတွင် အသုံးပြုနေသည်ဆိုပါက အကောင်းဆုံးဖြစ်သည်။

### ကျောင်းသားများ ထပ်ဆောင်းလေ့ကျင့်မှု

- Khamigo (Kham Academy) အသုံးပြု၍ - သင်္ချာ၊ သိပ္ပံ၊ စာရေးသားခြင်းများကို လေ့လာနိုင်ခြင်း။

- DreamBox - မူလတန်းအဆင့်တွင် လိုက်လျောညီထွေဖြစ်စေသော ခိုင်မာသော အထောက်အထားရှိသည့် သင်္ချာလေ့လာနိုင်သော Tool တစ်ခုဖြစ်သည်။

- ဆရာနှင့် LMS-native ပေါင်းစပ်အသုံးပြုရန်အတွက် Canvas၊ Schoology၊ PowerSchool PowerBuddy စသည်များ အသုံးပြု၍ လေ့ကျင့်နိုင်သည်။

### အကဲဖြတ်ခြင်းနှင့် အကြံပြုချက်

- Turnitin (၂၀၂၆ Platform) - ရလဒ်အပေါ်အကြံပြုချက်တင်မက လုပ်ငန်းစဉ်ကိုအခြေပြုသော အကြံပြုချက်များပေးနိုင်သည်။ တိုတောင်းသောအဖြေများ ရေးသားပေးပို့နိုင်ပြီး အကြံပြုချက်များကို စဉ်ဆက်မပြတ် ပေးစွမ်းနိုင်သည်။

**စာသင်ခန်းအတွင်းစိတ်ပါဝင်စားမှု**

- Curipod နှင့် Nearpod - စစ်တမ်းများ၊ ဉာဏ်စမ်းပဟေဠိများ၊ SEL စစ်ဆေးမှုများပါဝင်သည့် AI နှင့် ပြုလုပ်ထားသော အပြန်အလှန်အကျိုးပြုသင်ခန်းစာများဖြစ်သည်။

- Kahoot! နှင့် Quizizz - နှစ်ခုစလုံးသည် AI မှ မေးခွန်းထုတ်ပေးနိုင်သည်။

- Canva for Education နှင့် Adobe Express - များကို အသုံးပြု၍ ကျောင်းသားများအလိုရှိရာကို ဖန်တီးနိုင်သည်။

- Book Creator and Flip - အသက်အရွယ်မရွေး အသံနှင့် တီထွင်ဖန်တီးနိုင်စွမ်း။

- Scratch + ML-for-Kids၊ Teachable Machine၊ Code.org AI မော်ဂျူးများ - ကုဒ်ရေးခြင်းနှင့် AI ဖန်တီးခြင်း။

**School Leader and Operations Stack**

- Otus သို့မဟုတ် PowerSchool - ပေါင်းစည်းထားသော ကျောင်းသားဒေတာနှင့် AI ခွဲခြမ်းစိတ်ဖြာမှု။

- K-8 ကျောင်းသား/သူများအတွက် ClassDojo သည် မိသားစုနှင့်အတူ အသုံးပြုနိုင်သည်။

- Enterprise chat assistant (Copilot၊ Gemini သို့မဟုတ် Claude) - ဆက်သွယ်ရေးများ ရေးဆွဲခြင်း၊ စစ်တမ်းများကို ခွဲခြမ်းစိတ်ဖြာခြင်း၊ ဘုတ်အဖွဲ့အစီရင်ခံစာများ ပြင်ဆင်ခြင်း။

- NotebookLM - မူဝါဒ၊ PD နှင့် သင်ရိုးညွှန်းတမ်းစာရွက်စာတမ်းများမှ ဝန်ထမ်းများအတွက် ရှာဖွေနိုင်သော၊ အကျဉ်းချုပ် အရင်းအမြစ်အခြေခံ။

**၆။ A Pragmatic Starter Stack**

အနည်းငယ်နှင့်စတင်ပါ၊ တဖြည်းဖြည်းချဲ့ထွင်ပါ။ ၂၀၂၆ ခုနှစ်တွင် ကျောင်းအများစုအတွက် ခုခံကာကွယ်နိုင်သော အစပျိုးမှုတစ်ခု-

- Microsoft 365 Education သို့မဟုတ် Google Workspace for Education သည် ပညာရေးနယ်ပယ်အတွက် အဓိကဖြစ်သည်။

- ဆရာအတတ်သင်ကိရိယာများ- MagicSchool သို့မဟုတ် Brisk Teachingသည် အတတ်ပညာဆိုင်ရာအတွက် အဓိကဖြစ်သည်။

- Khanmigo သို့မဟုတ် LMS-native သည် ကျောင်းသား/သူများ ဆရာနှင့်လေ့ကျင့်သကဲ့သို့ လေ့လာနိုင်သည်။

- Curipod သို့မဟုတ် Nearpod ကိုအသုံးပြု၍ အတန်းတွင်း ပါဝင်ဆောင်ရွက်မှုကို တိုးတက်စေသည်။

- Canva အသုံးပြု၍ ကျောင်းသားများအလိုရှိရာကို ဖန်တီးနိုင်သည်။
- မူဝါဒ- SAFE သို့မဟုတ် OECD/EC နှင့် ကိုက်ညီသော AI လက်ခံနိုင်သော အသုံးပြုမှုမူဝါဒ။

**၇။ Ricks and Mitigations**

- ဆရာ/မများ ပင်ပန်းနွမ်းနယ်မှုကြောင့် ဝန်ပိခြင်းမဖြစ်စေရန် App အနည်းငယ်နှင့်စတင်၍ ထို App များအား ကောင်းမွန်ပိုင်နိုင်စွာ အသုံးပြုပါ။
- ကျောင်းသားဒေတာကို အတည်ပြုချက်/ခွင့်ပြုချက်ရယူထားသော App များနှင့်သာ အသုံးပြုခြင်းအားဖြင့် တခြားသူများသို့မရောက်စေရန် ကူညီနိုင်သည်။
- အိမ်တွင်း AI အသုံးပြုခွင့်ရှိသော ကျောင်းသားများနှင့် မရှိသူများအကြား တန်းတူညီမျှမှု ကွာဟချက်ကို ကျောင်းဝင်းအတွင်း အသုံးပြုချိန်များနှင့် စက်ပစ္စည်း/ဒေတာ ထောက်ပံ့ပေးခြင်းအားဖြင့် လျော့ပါးစေသည်။
- AI အပေါ် အလွန်အမင်းမှီခိုအားထားခြင်း - လုပ်ငန်းစဉ်အခြေပြု အကဲဖြတ်မှုများပြုလုပ်ခြင်းဖြင့် AI ကိုးကားချက်စံနှုန်းများကို လျှော့ချပါ။
- စည်းမျဉ်းစည်းကမ်းဆိုင်ရာများနှင့် သင့်လျော်ကောင်းမွန်စွာ အသုံးပြုမှုတို့ကို နှစ်စဉ် မူဝါဒပြန်လည်သုံးသပ်ခြင်းနှင့် နိုင်ငံတွင်းပညာရေးကွန်ရက်တို့တွင် အဖွဲ့ဝင်အဖြစ်ပါဝင်ခြင်းဖြင့် လျော့ပါးသက်သာစေသည်။

**၈။ Measuring Success**

အောက်ပါအချက်များကို စီမံခန့်ခွဲခြင်းဖြင့် အောင်မြင်မှုကို တိုင်းတာနိုင်ပါသည်။ နှစ်စဉ် AI-in-Education Scorecard ကို ထုတ်ဝေဖို့ အကြံပြုလိုပါတယ်။

- ဆရာ/မများသည် တစ်ပတ်လျှင် AI ကို ၄ နာရီ မှ ၆ နာရီ အတွင်း အသုံးပြုသည်။
- ဒုတိယနှစ်ကုန်တွင် ၉၅% သော ဆရာ/မများ AI PD ကို ပြီးမြောက်အောင် လုပ်ဆောင်နိုင်ခြင်း။
- AI နှင့် ဆရာပေါင်းစပ်မှုဖြင့် ကျောင်းသား/သူများ၏ ဘာသာရပ်များတွင် စဉ်ဆက်မပြတ် တိုးတက်မှုအားတိုင်းတာခြင်း။
- ကျောင်းတွင် AI အသုံးပြုမှုအပေါ် မိဘများ၏ ယုံကြည်မှုရမှတ် နှစ်စဉ်စစ်တမ်း ကောက်ယူခြင်း။
- တတိယနှစ်ကုန်တွင် AI ကျွမ်းကျင်မှု အထောက်အထားလက်မှတ်ရရှိသည့် ကျောင်းသား/သူများ၏ ရာခိုင်နှုန်း။

**9. References**

OECD/EC (May 2025). Empowering Learners for the Age of AI: An AI Literacy Framework for Primary and Secondary Education.

KnowledgeWorks. AI in K-12 Education: Policy, Literacy and the SAFE Framework.